## **နိဂုံးချုပ်နှင့်အကြံပြုချက်**

အရှေ့တောင်အာရှ၏ မူးယစ်ဆေးဝါးဈေးကွက်မှာ အလွန်ကြီးမားသည့် ပြောင်းလဲမှုဖြစ်စဉ်ကြီးတခုအတွင်း ရောက်ရှိနေသည်။ ရွှေတြိဂံနယ်မြေအတွင်း ဘိန်းပိတ်ပင်မှုသည် ထောင်ပေါင်းများစွာသော မိသားစုများကို ဆင်းရဲတွင်းထဲသို့ တွန်းချခဲ့သည်။ တစ်ရာစုလောက် ဘိန်းသုံးစွဲခဲ့သောဒေသတွင် ယခုအခါ အင်မတန်ရှုတ်ထွေးပြီး သွက်လက်ကြီးမားသော အင်ဖီတမင်းမူးယစ်ဆေးဝါးဈေးကွက်ကြီးဖြစ်နေလေပြီ။ ဤဈေးကွက်ကြီးထဲတွင် ရောင်းဝယ်နေကြသော ကုန်များမှာအမျိုးအမယ်များလှပြီး သုံးစွဲသူများကလည်း တစ်မျိုးပြီးတစ်မျိုးလဲလှယ်သုံးစွဲနေကြသည်။ သုံးစွဲသူတွေက သူတို့စိတ်ကြိုက်မူးယစ်ဆေးဝါးကို ရှာမတွေ့သောအခါတွင် သုံးစွဲသော ဆေးဝါးများမှာ ဥပဒေက ခွင့်ပြု၊ ခွင့်မပြုဆိုသည်ပင် ခွဲခြားရခက်လာလေတော့သည်။ သက်ဆိုင်ရာနိုင်ငံနှင့် ဒေသအာဏာပိုင်များသည် ဤပြဿနာများမှာ အလွန်ရှုတ်ထွေးပြီး (၉၆)ပါးရောဂါအားလုံးကို ကုစားနိုင်မည့် ဆေးဝါးမရှိကြောင်းသိထားသင့်ပေသည်။ အရှည်မျှော်မြင်နိုင်မှုနဲ့ တာရှည်တည်တံ့မည့်အပြောင်းအလဲတို့ကို လိုအပ်ပါသည်။ သို့သော်ယနေ့ချက်ခြင်း မကိုင်တွယ်လျှင်မဖြစ်သည့် ပြဿနာများလည်းရှိနေပေသည်။

ဤသည်မှာအရှေ့တောင်အာရှဒေသ၏ မူးယစ်ဆေးဝါးဈေးကွက်တခုလုံးကို သုတေသနပြု၊ ခွဲခြမ်းစိပ်ဖြာရန် ပထမဆုံးကြိုးပမ်းချက်ဖြစ်ပေသည်။ ယခင်ကသုတေသနပြုမှုများသည် မူးယစ်ဆေးဝါးပြဿနာတစ်ခုလုံးဆိုသည်ထက် နယ်ပယ်တစ်ခုခုအပေါ်တွင် အလေးစိုက်လုပ်ခဲ့ကြခြင်းဖြစ်သည်။ ဤဈေးကွက်များအား နားလည်ရေးမှာ ကျိုးကြောင်းဆီလျော်ပြီး ထိရောက်သောပေါ်လစီများချမှတ်ရေးအတွက် အလွန်အရေးပါသည်။ ယခု ဤအစီရင်ခံစာထဲ၌ မူးယစ်ဆေးဝါးဈေးကွက်တွင် ရောင်းလိုအားနှင့်ဝယ်လိုအားတို့မှာ နီးကပ်စွာ ဆက်စပ်နေခြင်းသဖြင့် ယင်းတို့နှင့်ပတ်သက်၍ လုပ်ကိုင်ချက်များသည်လည်း ပေါင်းစပ်ထားရမည်ဟုဖော်ပြထားသည်။ ၂၀၁၅ခုနှစ်တွင် အာစီယံဒေသကိုမူးယစ်ဆေးဝါးကင်းစင်သော ဒေသဖြစ်စေရမည်ဆိုသည်ကဲ့သို့သော လက်ရှိမူးယစ်ဆေးဝါးထိန်းချုပ်ရေးပေါ်လစီနှင့်ရည်မှန်းချက်များမှာ အာဏာနှင့်ဖိအားပေးသည့်နည်းများဖြင့် ရောင်းလိုအား၊ ဝယ်လိုအား လျော့ကျအောင်လုပ်ရန်ဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် သူတို့၏မိသားစု၊ အသိုင်းအဝိုင်းအပေါ်ကျရောက်နိုင်သည့်အခြားမကောင်းသော အကျိုးဆက်များကို ထည့်မတွက်သောလက္ခဏာများ ဆောင်နေပေသည်။

မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပြဿနာများ ခွင်တစ်ခွင်မှအခြားခွင်တခွင်သို့ရွှေ့သွားခြင်း၊ တစ်မျိုးကိုသုံး

နေရာမှ နောက်တစ်မျိုးကို ပြောင်းလဲသုံးစွဲခြင်း (လေဖူပေါင်းကဲ့သို့တစ်ဖက်အားဖိလျှင် တစ်ဖက်တွင် ဖောင်းထွက်ခြင်းကိုဆိုလိုသည်) တို့အား ရှောင်ရှားနိုင်ရန်အတွက် ပေါ်လစီများဖြင့်ဖြင့် စွက်ဖက်ခြင်းကို ဈေးကွက်များက မည်သို့တုန့်ပြန်သည်ကို နားလည်ရန်လိုအပ်သည်။ သေသေချာချာရေးဆွဲခြင်းမပြုခဲ့သော ပေါ်လစီများသည် မမျှော်လင့်မထားသော မကောင်းသည့်ဆိုးကျိုး၊ သို့မဟုတ်အကျိုးယုတ်စေသည့် အကျိုးဆက်များပင်ဖြစ်ပေါ်နိုင်သည်။ မူးယစ်ဆေးဝါးထိန်းချုပ်ရေးထိရောက်၍ တာရှည်ခံစေလိုလျှင် လူတွေဘာကြောင့်မူးယစ်ဆေးဝါးကိုထုတ်လုပ်သည်၊ သုံးစွဲသည်ဆိုခြင်းကို နားလည်ရေးမှာ အခြေခံကျပေသည်။ ဤထုတ်ပြန်မှုတွင်ပါဝင်သော သုတေသနနှင့်ခွဲခြမ်းစိပ်ဖြာမှုအသစ်တို့က ဖက်စုံထည့်သွင်းတွက်ချက်သော နိဂုံးချုပ်ချက်နှင့် အကြံပေးချက်အမြောက်အမြားကို ဖြစ်ပေါ်စေသည်။

**<u>ဘိန်းထုတ်လုပ်မှုကျဆင်းခြင်း</u>**

အရှေ့တောင်အာရှတိုက်တွင် ဘိန်းထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့သည်။ ဦးစွာအားဖြင့် ထိုင်းနိုင်ငံ၊ ထို့နောက်ဗီယက်နမ်တွင် ဘိန်းထုတ်လုပ်မှုလက်တွေ့ရပ်ဆိုင်းသွားခဲ့သည်။ ပြီးခဲ့သည့်ဆယ်နှစ်အတွင်း လာအိုနှင့်ဗမာနိုင်ငံတို့၌ ဘိန်းစိုက်ပျိုးမှုသိသိသာသာ လျော့နည်းသွားသည်ကိုတွေ့ကြရသည်။ ဘယ်လောက်လျော့နည်းသွားသည်ဆိုခြင်းကိုတော့အကြိတ်အနယ် ငြင်းခုံနေရဆဲဖြစ်သည်။ ဗမာနိုင်ငံနှင့်ပတ်သက်၍ ၁၉၈၀စုနှစ်များအကုန်ပိုင်းနှင့် ၁၉၉၀စုနှစ်များအစောပိုင်း၏ မြင့်မားသောကိန်းဂဏန်းများ၏ မှန်ကန်မှုမှာ မေးခွန်းထုတ်စရာတွေရှိနေသည်။ နောက်ပြီး ဗမာပြည်အတွင်းပိုင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြခြင်းနှင့် တစ်နှစ်တွင်နှစ်ခါခြစ်နိုင်အောင်စိုက်ပျိုးခြင်းဆိုသည့် ပြဿနာများလည်းရှိနေသည်။ လွန်ခဲ့သည့်၂နှစ်အတွင်း ဘိန်းစိုက်ပျိုးမှုတိုးများလာသည်ဆိုသောအချက်မှာ စိတ်ပူစရာပင်ဖြစ်သည်။

တကမ္ဘာလုံးနှင့်ဒေသဆိုင်ရာ မူးယစ်ဆေးဝါးပပျောက်ရေး သတ်မှတ်ချိန်များနှင့် အညီဖြစ်စေရန် အာစီယံ၊ အမေရိကန်၊ အထူးသဖြင့်တရုတ်တို့က နိုင်ငံရေးဖိအားပေးမှုခြင်းမှာ တစ်စုံတစ်ရာထိရောက်ခဲ့သည်။ မကြာသေးမီက ဗာနိုင်ငံရှိအဓိကဘိန်းစိုက်ပျိုးရာဒေသများမှ အပစ်အခတ်ရပ်စဲရေးအဖွဲ့များက ဘိန်းပိတ်ပင်ခြင်းနှင့်လောနိုင်ငံတွင်ဘိန်းပိတ်ပင်မှုတို့သည် ရွှေတြိဂံဒေသ၏ဘိန်းထုတ်လုပ်မှုအတိုင်းအတာကို ကြီးမားစွာလျော့နည်းစေခဲ့သည်။ အခြားအကြောင်းရင်းများက ဈေးကွက်ဖြစ်ပေါ်မှုများနှင့်ဆက်စပ်နေသည်။ ဦးစွာအားဖြင့်ပြောရလျှင်

ဥရောပနှင့် အမေရိကန်ဈေးကွက်တို့တွင် အရှေ့တောင်အာရှမှဘိန်းဖြူကို အာဖဂန်နစ္စတန်နှင့်တောင်အမေရိက ဘိန်းဖြူများက အစားထိုးဝင်ရောက်ဖယ်ရှားပစ်နေသည်။ ဒုတိယအားဖြင့် အချို့ဒေသများ၌ မက်သာဖီတမီးန်ဈေး ကွက်ကြီးမားကျယ်ပြန့်လာပြီး သုံးစွဲမှုပုံစံမှာပင်လျှင် မူးယစ်ဆေးဝါးကနေ စိတ်ကြွဆေးဖက်ကို အလျင်အမြန် ပြောင်းလာသည်ကိုတွေ့နေရသည်။ အထူးသဖြင့်သုံးစွဲသူအသစ်တွေမှာဖြစ်သည်။ ရွှေတြိဂံနယ်မြေတွင် ဘိန်း အထွက်ကျသော်လည်း ကမ္ဘာ့ဈေးကွက်တွင်ရောင်းလိုအား ကျဆင်းသည်မဟုတ်ချေ။ ကမ္ဘာ့ဘိန်းအထွက်မှာ အများကြီးတိုး၍ပင်လာခဲ့သည်။ မကြာမီနှစ်များအတွင်းအာဖဂန်တွင် စံချိန်တင်စိုက်ပျိုးမှုများကြောင့်ဖြစ်သည်။ မူလကလည်း အထွက်ကျသည်ဆိုခြင်းမှာ ဒေသတွင်းဈေးကွက်ကိုထိခိုက်ခြင်းမရှိခဲ့ချေ။ အထွက်မှာဒေသတွင်း လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ပြီး အခြားဒေသများသို့တင်ပို့မှုသာ လျော့ဆင်းခဲ့သည်။ ယခုတော့ ရောင်းလိုအား ကျဆင်းမှု၏ ပထမဆုံးလက္ခဏာတွေ မြင်တွေ့နေရပြီဖြစ်သည်။ ဤသည်ကိုဘိန်းနှင့်ဘိန်းဖြူများ ဈေးတက် လာမှုက ဖော်ပြနေသည်။ သို့ဆိုပါက ဒေသတွင်းထုတ်လုပ်မှုများ ပြန်တက်လာဦးမည်ဖြစ်သည်။ အရှေ့တောင် အာရှဈေးကွက်တွင် မသိသာသော်လည်း အာဖဂန်မှဘိန်းဖြူများသည် တရုတ်နိုင်ငံတွင်းအခြားဒေသများရှိ ကွက်လပ်များကို ဖြည့်ဆည်းမည့်သဘောတွေ့နေရသည်။

<u>ပင်ရင်းကုန်ကြမ်းများကိုထိန်းချုပ်ခြင်း</u>

အက်ဖီတမင်းန်လို ဆေးများထုတ်လုပ်မည့် ဓာတုပစ္စည်းများအတွက် အပင်များမှရသောပင်ရင်းကုန်ကြမ်း များကို အရှေ့တောင်အာရှတိုက်တွင် အများဆုံးထုတ်လုပ်သည်။ ကမ္ဘာအနှံ့အက်ဖီတမင်းန်ဆေးတွေ အရမ်း ပျံ့နှံ့လာခြင်းကြောင့် ဤပင်ရင်းကုန်ကြမ်းများကိုထိန်းချုပ်ရေးအတွက် အာရုံစိုက်လာကြသည်။ လောလောဆယ် အားဖြင့် ရာဘာဆေး၏ ပင်ရင်းကုန်ကြမ်းတမျိုးဖြစ်သော ဆာဖရိုလ်(safrole)ဆီများထုတ်၍ရသောအပင်များကို စိုက်ခြင်း၊ အဆီထုတ်ခြင်း၊ ရောင်းဝယ်ခြင်းတို့သည် ကျန်ရှိနေသေးသော သဘာဝတောရိုင်းများအတွင်း သဘာဝ ပတ်ဝန်း ကျင်ကိုပင်ထိခိုက်လာသည်။ တရုတ်၊ ဗီယက်နမ်တို့တွင် ထိန်းချုပ်မှုတွေ များသထက်များလာသဖြင့် အဆီထုတ်ခြင်းမှာ ဗမာ၊ လာအို၊ ကမ္ဘောဒီးယားတို့သို့ပြောင်းသွားပြီး ခြေရာတွေပျောက်ကုန်သည်။ ဆာဖရိုလ် အဆီပါအပင်များကို စနစ်တကျနှင့်အကျယ်အပြန့်စိုက်ပျိုးခြင်း လုပ်သင့်ပါသည်။ တရုတ်ပြည်တွင် ယခုရရှိ ထားသော အဆင့်မြင့်သုတေသနပြုချက်များအပေါ်တွင် အခြေခံနိုင်ပါသည်။ ဤပင်ရင်းကုန်ကြမ်းများအပေါ်

လက်ရှိပြုလုပ်ထားသော ဥပဒေအရပိတ်ပင်မှုများနှင့်ပတ်သက်၍လည်း ကျိုးကြောင်းဆီလျော်မှု ရှိမရှိဆိုသည်ကို မေးခွန်းထုတ်စရာရှိပါသည်။ ဖမ်းမိသောဤကုန်ကြမ်းများကို မီးရှို့ပစ်ခြင်းကြောင့် ဈေးတက်ကုန်ပြီး တရားမဝင်လုပ်ရောင်းဝယ်ခြင်းများ ပိုများလာစေသည်။ ယင်းဖမ်းမိသောကုန်ကြမ်းအားလုံးမှာ ရာဘဆေးလုပ်ဖို့ချည်း မဟုတ်ပဲ အတော်များများမှာ တရားဝင်သောလုပ်ငန်းများအတွက် အသုံးပြုခြင်းလည်းဖြစ်သည် ဆိုသော အချက်ကို အသိအမှတ်ပြုသင့်ပါသည်။ ပိုမိုကောင်းမွန်တဲ့နည်းကတော့ ဒါတွေကိုဓာတုပစ္စည်းလုပ်ငန်းတွေအား ရောင်းချပေး၊ စိုက်ပျိုးသော မိသားစုများဘဝနေထိုင်ရေးအတွက် ရေရှည်စိုက်ပျိုးလုပ်ကိုင်သွားနိုင်အောင် ထိန်းသိမ်းကူညီရန်ဖြစ်သည်။

မက်ဖာဖက်တမင်းန်ဆေးများထုတ်လုပ်ရာတွင် မူလကုန်ကြမ်းဖြစ်သည့် အက်ဖီဒရင်းနှင့်ပတ်သက်၍မူ ကမ္ဘာ့ကျန်းမာရေးဌာနက ချုပ်ထိန်းမှုများတင်းကြပ်လွန်းသည့်အတွက် စိုးရိမ်မိကြောင်းဖော်ပြခဲ့သည်။ အက်ဖီဒရင်းမှာ ကမ္ဘာ့ကျန်းမာရေးဌာနကသတ်မှတ်ထားသော လူတွေအတွက်မရှိမဖြစ်ဆေးများစာရင်းတွင်ပါရှိသည်။ ဤဆေးကိုကလေးမီးဖွားရာတွင် အကျယ်အပြန့်အသုံးပြုရခြင်းဖြစ်ရာ သူတို့သတ်မှတ်ထားသော သက္ကရာဇ် ၂၀၁၅တွင်မီးဖွားစဉ်သေပျောက်မှုနှုန်း လေးပုံသုံးပုံလျော့ဆင်းရမည်ဆိုသော ရည်မှန်းချက်အားထိခိုက်မည်ကို စိုးရိမ်နေကြသည်။ အက်ဖီဒရင်းကို မူးယစ်ဆေးဝါးအတွက်မူလကုန်ကြမ်းအဖြစ် ပိတ်ပင်ရန်ရန် စဉ်းစားမည်ဆိုလျှင် ယင်း၏ဆေးဝါးဖက်တွင် အသုံးပြုရန်အလုံအလောက်ရရှိရေးကို မစဉ်းစား၍မဖြစ်ပေ။

## အခြားသောအသက်မွေးဝမ်းကြောင်းမှု

လာအိုတွင်ရောဗမာနိုင်ငံတွင်ပါ ဘိန်းပိတ်ပင်မှုများတွင် ဘိန်းစိုက်တောင်သူများအတွက် အခြားသော အသက်မွေးဝမ်းကြောင်းမှုကို အစားထိုးစီမံပေးခြင်းမရှိပေ။ အပစ်အခတ်ရပ်စဲထားသောအဖွဲ့အစည်းများသည် ဤသို့သောဘိန်းပိတ်ပင်မှုများအတွက် နိုင်ငံတကာမှအထောက်အကူနှင့် နိုင်ငံရေးအရအသိအမှတ်ပြုမှုကိုရမည် ဟုမျှော်လင့်ထားကြသည်။ သို့သော်ဤသို့ဖြစ်မလာပေ။ ဤအဖွဲ့အစည်းများသာ ကသောင်းကနင်းဖြစ်ကုန်ကြရသည်။ နဂိုကတည်းကဆင်းရဲကြပ်တည်းသော ဤဒေသမှလူထုများမှာ မိမိတို့မိသားစုဝင်ငွေရရာလမ်းပျောက်သွားသည့်အဖြစ်ကို မကျော်လွှားနိုင်ကြသေးပဲရှိသည်။ ဖွံ့ဖြိုးရေးအထောက်အပံ့များ အလိုအပ်ဆုံးအချိန်မှာပင် ဤအထောက်အပံ့များမှာ ကျဆင်းနေသည်။ ဘိန်းပိတ်ပင်မှုရေရှည်တည်တံ့ရေးမှာ အန္တရာယ်ပင်ရှိနေသည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေး ရည်ရွယ်ချက်မှန်သမျှမှာ ယင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများထဲကို စီးဝင်ရမည်။ တဖက်တွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ်တိုင်းသည် ဖွံ့ဖြိုးရေးလုပ်သည့်လက္ခဏာဆောင်ရမည်။ ဤအတွက် လုပ်ငန်းများကို မှန်မှန်ကန်ကန်ရှေ့နောက်စဉ်မှုက အခရာကျသည်။ ဘိန်းတောင်သူများအတွက် လက်တွေ့ကျပြီး ရေရှည်ခံမည့် အခြားအသက်မွေးဝမ်းကြောင်းနည်းများမရှိလျှင် ဘိန်းခင်းများကိုဖျက်သိမ်းခြင်း၊ သို့မဟုတ် ဘိန်းပိတ်ပင်ရေးအကောင်အထည်ဖော်ခြင်းများ မပြုလုပ်သင့်ပေ။ ထို့အတူ ဖွံ့ဖြိုးရေးအထောက်အပံ့သည် ဘိန်းစိုက်ပျိုးမှုလျှော့ချခြင်းဆိုသည့်အချက်အပေါ်တွင် မူတည်မထားသင့်ပေ။ ထို့ပြင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးပေါ်လစီများသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ လူ့အခွင့်အရေးစံချိန်စံညွှန်းများ၊ တကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကျေညာစာတန်းနှင့် အခြားလူ့အခွင့်အရေးတရားဥပဒေများနှင့်အညီဖြစ်ရမည်။ နောက်ပြီး ရိုးရာစဉ်အလာ တန်ဘိုးများနှင့် ဒေသဓလေ့ထုံးတမ်းများကိုလည်း လေးစားရမည်။

၂၀၁၅ခုနှစ်မတိုင်မီ အာစီယံဒေသအား မူးယစ်ဆေးဝါးကင်းစင်သောဒေသဖြစ်ရေးဆိုသည့် ဦးတည်ချက်မှာ လက်တွေ့မကျပဲ တောင်သူများကိုမတရားဖိအားပေးသည့် အဖြစ်သို့ရောက်နေသည်ကများ၏။ ကံဆိုးချင်တော့ ACCORD ခေါ် အန္တရာယ်ဆေးဝါးများအတွက် အာစီယံနှင့်တရုတ်ပြည်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်၏ ၂၀၀၈ခုနှစ်အစီရင်ခံစာတွင် “၂၀၁၅ခုမတိုင်မီတရားမဝင်သည့် ဆေးဝါးကိုလုံး၀ ဖျက်သိမ်းပစ်ရမည်”ဟု တောင်းဆိုထားသည်။ တချိန်တည်းတွင် “၂၀၀၉ခုနှစ်ရောက်လျှင် တရားမဝင်သည့် အပင်ကိုမစိုက်ပျိုးရန် ပိတ်ပင်ခံရပြီး အစားထိုးသီးနှံစိုက်ပျိုးသော တောင်သူမိသားစုများ၏ပျမ်းမျှဝင်ငွေသည် တရားမဝင်သည့်သီးနှံကို စိုက်ပျိုးစဉ်ကဝင်ငွေနှင့်တန်းတူဖြစ်ရမည်”ဟုလည်းဆိုထားသည်။ ဒုတိယအချက်မဖြစ် နိုင်ဘူးဆိုသည်မှာရှင်းနေသည်။ နဂိုကမှခက်ခဲကြရှာသည့်ကျေးလက်မှလူများကို ပိုမဆိုးစေရန်နှင့် ရရှိထားသော အောင်မြင်ချက်များကို တာရှည်ခံစေရန်ဆိုလျှင် ရက်အသေသတ်မှတ်ခြင်းမပြုသင့်ပေ။ ရေရှည်အမြင်ဖြင့် အခြား အသက်မွေးဝမ်းမှု လုပ်ငန်းများ စီစဉ်ပေးမှုကိုအာရုံစိုက်သင့်ပေသည်။

## ဘေးအန္တရာယ်လျော့ပါးရေးနှင့်အိပ်ချ်အိုင်ဗီ–အေအိုင်ဒီအက်စ်ရောဂါ

ဘိန်းစိုက်ပျိုးမှုကျဆင်းခြင်းကြောင့် ဒေသဈေးကွက်များတွင် ဘိန်းဖြူလျော့နည်းသွားသည်။ ဤသည်၏ အကျိုးဆက်မှာဘိန်းဖြူအရည်အသွေးကျဆင်းပြီး ဈေးနှုန်းတက်လာခြင်းဖြစ်သည်။ ထို့ကြောင့်သုံးစွဲသူများမှာ

ဘိန်းဖြူကိုဖြတ်ရန်၊ သို့မဟုတ်အခြားဈေးသက်သာသည့်အရာဖြင့်အစားထိုးရန် ရှာဖွေကြသည်။ အချို့လူများက မက်သာဖက်တမင်းနှ်ဆေးတွေကို ပြောင်းသုံးကြသော်လည်း အတော်များများက ဘိန်းဆီပါသော၊ ဒိုင်ယာဇီပင်ပါသော ဆေးဝါးများကိုအစားထိုးသုံးစွဲကြသည်။ ယခုအထိဆိုလျှင် ဘိန်းထုတ်လုပ်မှုလျော့နည်းလျှင် မူးယစ်ဆေးဝါးသုံးစွဲမှု ကျဆင်းမည်ဆိုသော တွက်ဆမှုမှာ မမှန်ကြောင်းတွေ့နေရသည်။ မူးယစ်ဆေးဝါးနှင့် ပတ်သက်နေသောကျန်းမာရေးအန္တရာယ်များကို တွက်ချက်မှုနှင့် ဤအတွက်ချမှတ်သည့်ပေါ်လစီများသည် သုံးစွဲသူများ၏ဈေးကွက်နှင့်အညီရွေးချယ်မှုပြောင်းလဲခြင်းကို ပိုမိုနားလည်ရန်လိုပေသည်။

ဤဒေသတလွှားတွင် ပြင်းထန်သောမူးယစ်ဆေးဝါးထိန်းချုပ်ရေးပေါ်လစီများနှင့် သုံးစွဲသူများအား ရာဇဝတ်ဖြစ်မှုကျူးလွန်သူဟု သဘောထားခြင်းများကြောင့် ပိုမိုပြင်းသောမူးယစ်ဆေးဝါးကိုသုံးစွဲခြင်း၊ ပိုမိုအန္တရာယ်ရှိသောနည်းလမ်းများဖြင့်အသုံးပြုခြင်းများ ဖြစ်ပေါ်လာသည်။ သုံးစွဲသူများသည် ဘိန်းကိုရှူခြင်းမှ ဘိန်းဖြူနှင့်ဆေးဝါးများထိုးသွင်းခြင်းဖြစ်လာသည်။ မက်သာဖီတာမင်းနှ်ဆေးများကို စားခြင်း၊မျိုခြင်းမှ ရှူခြင်းထိုးခြင်းများဖြစ်လာသည်။ မဲခေါင်မြစ်ဝှမ်းဒေသကြီးတွင် အာရှအရှေ့ပိုင်းနှင့် အရှေ့ပိုင်းတရုတ်ပြည်တို့၌တွင်ကျယ်နေပြီး ဖြစ်သော ပိုမိုစွဲလန်းစေသော အိုက်စ်ခေါ်မက်သာဖိတာမင်းနှ်အခဲများကို ရှူခြင်းနှင့်ထိုးခြင်းများ များပြားလာနေသည်ကိုတွေ့ရသည်။ ဤသို့သုံးစွဲခြင်းသည် ပိုးမသတ်သည့်ဆေးထိုးအပ်သုံးစွဲမှုကြောင့်ဖြစ်ပေါ်သော သွေးမှတဆင့်ပျံ့ပွားခြင်းအပါအဝင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သောရောဂါများ ပိုများလာစေသည်။

ယင်းသည် ယခုအခါ ဤဒေသအတွင်း၌ အိပ်ချ်အိုင်ဗီနှင့်အေအိုင်ဒီအက်စ်ကပ်ဆိုးကြီး ဖြစ်ပေါ်မှုအတွက် အဓိကမောင်းနှင်အားကြီးဖြစ်နေသည်ကိုတွေ့ရသည်။ အထူးသဖြင့်တရုတ်–မြန်မာနယ်စပ်တစ်လျှောက်(ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ယူနန်ပြည်နယ်) တွင်တွေ့ရသည်။ ဤသည်က လူသားများအတွက် အဖြစ်ဆိုးကြီးတခုဖြစ်ပေါ်စေသဖြင့် ဤဒေသတွင်ပါဝင်နေသူအားလုံး အဆောတလျင်ကိုင်တွယ်ဖြေရှင်းသင့်ကြပေသည်။ မက်သာဖီတာမင်းသုံးစွဲမှုအပါ အားလုံးအတွက် အန္တရာယ်လျော့ပါးရေးအစီအစဥ်များလည်း လိုအပ်သည်။ မည်သည့်အစီအစဥ်မျိုးပင်ဖြစ်ပစေ နယ်စပ်နှစ်ဖက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုမှာ အရေးပါလှပေသည်။

မူးယစ်ဆေးဝါးပေါ်လစီများနှင့် အိပ်ချ်အိုင်ဗီဆိုင်ရာပေါ်လစီများကို ပူးပေါင်းရန်အထူးလိုအပ်နေသည်။ အန္တရာယ်လျော့ပါးရေးအစီအစဥ်လိုအပ်နေသည့် ဆေးထိုးအပ်သုံးမူးယစ်ဆေးဝါးသုံးစွဲသူများအနက် လူအနည်း

ငယ်သာ အစီအစဉ်၏အကူအညီကိုရရှိကြသည်။ အိပ်ချ်အိုင်ဗီပိုးအရေအတွက်ကို မတိုးအောင်ထိန်းထားသည့်ကုနည်း (ART-antiretroviral treatment)ကို ရရှိသူအရေအတွက်မှာမူ ပို၍ပင်နည်းသေးသည်။ အန္တရာယ် လျော့ပါးရေး၊ မူးယစ်ဆေး ဝါးသုံးစွဲသူများအား ကုသပေးရေးနှင့် အိပ်ချ်အိုင်ဗီ–အေအိုင်ဒီအက်စ်ဝေဒနာရှင်များအတွက် ART ကုသခြင်းများကိုရေရှည်ဆက်လက် အထောက်အကူပေးကြရမည်။ လက်ရှိနိုင်ငံတကာအကူအညီ အရေအတွက်မှာမလုံလောက်ချေ။ ဤဒေသ–အထူးသဖြင့်ဗမာနှင့်လာအို–အတွင်းရှိအစိုးရနှင့်ဒေသအာဏာပိုင်များအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ မိမိတို့၏ပေါ်လစီနှင့် ဥပဒေများကို ပြုပြင်သင့်သည်။ ကုသခြင်းကိုဦးတည်ကာ စေတနာထား၍ အန္တရာယ်လျော့ပါးစေသည့် ခြေလှမ်းများလုပ်ကိုင်ရမည်။ မူးယစ်ဆေးဝါးသုံးစွဲသူများကို ရာဇဝတ်သားသဖွယ်သဘောထားသည့် ဥပဒေများသည် မူးယစ်ဆေးဝါးတားဆီးခြင်း၊ ကုသခြင်းနှင့် အန္တရာယ်လျော့ပါးအောင် ပြုလုပ်ခြင်းများအတွက် အတားအဆီးဖြစ်စေသည်။

အရှေ့တောင်အာရှဒေသတွင် ဘိန်းပါသောဆေးဝါးများ လုံလောက်စွာရှိသည်မဟုတ်ချေ။ မရှိမဖြစ်သည့်ဤဆေးများအမြဲမပြည့်မစုံဖြစ်နေသည်။ သက်ဆိုင်ရာနိုင်ငံများ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ယင်းထိန်းချုပ်ထားသောဆေးဝါးများမှာ အနာသက်သက်ရေးအတွက်အရေးပါမှုကို အသိအမှတ်ပြုကာ ပုံမှန်ဆေးဝါးအဖြစ် တရားဝင်အသုံးပြုနိုင်ရေးကို အာမခံသင့်ကြသည်။

ဤအထဲတွင်ဘိန်းပါသော ထုံဆေး၊ မေ့ဆေးများ၊ ဘိန်းပါသောအစားထိုး ကုသဆေးများပါဝင်သည်။ ထိန်းချုပ်ထားသောဆေးဝါးများနှင့် ပတ်သက်သည့် ဥပဒေများ၊ အုပ်ချုပ်မှုအပိုင်း စသည်များကို ပြန်လည်သုံးသပ်ခြင်း၊ ဆေးဝါးအတွက်အသုံးပြုနိုင်ရေးကို မလိုအပ်ပဲအတားအဆီးဖြစ်စေသည့်၊ အရာများကိုလည်း ပြန်လည်သုံးသပ်ခြင်းများပြုလုပ်သင့်သည်။ ကမ္ဘာ့ကျန်းမာရေးဌာနကြီး၏ ‘ထိန်းချုပ်ထားသောဆေးဝါးများကို အသုံးပြုနိုင်ရေး’ အစီအစဉ်နှင့် ယင်းဆေးဝါးများကို မကောင်းသည့်ဖက်၌အသုံးပြုမှုအားတားဆီးရေး၊ တရားဥပဒေနဲ့အညီ ကျန်းမာရေးအတွက် အသုံးပြုရေးတို့ကို ပူးတွဲလုပ်ကိုင်မှုတို့ကိုပိုကောင်းအောင်လုပ်သင့်မည်။

**<u>ဒီမိုကရေစီနှင့်အရပ်သားလူ့အဖွဲ့အစည်း</u>**

ဗမာပြည်သည် ၁၉၄၈ခုနှစ်မှစ၍ ပြည်တွင်းစစ်နွံတွင်းနစ်ခဲ့ပြီး ၁၉၆၂ခုနှစ်မှစ၍ စစ်အာဏာရှင်စနစ်လက်အောက်တွင်ကျရောက်နေခဲ့သည်။ ဆယ်စုနှစ်နှင့်ချီသော ပဋိပက္ခဖြစ်မှုများနှင့်အစိုးရ၏ လုပ်ကိုင်ပုံမကောင်းမှုတို့

ကြောင့် ပြည်သူတွေမှာအရမ်းနစ်နာခဲ့ကြသည်။ လာအိုနှင့်တရုတ်တို့မှာ အာဏာရှင်ဆံသောကွန်မြူနစ်အစိုးရများဖြစ်ပြီး နည်းနည်းပိုပွင့်လင်းသည်။ သို့သော်နိုင်ငံသုံးခုစလုံးမှာပင် ငြင်းခုံခြင်း၊ မကျေနပ်ကြောင်းဖော်ပြခြင်းများပြုလုပ်ရန် အခွင့်အလမ်းနည်းနည်းလေးသာရှိသည်။ ဤသည်ကိုမူးယစ်ဆေးဝါးထိန်းချုပ်ရေးပေါ်လစီများတွင်တွေ့ရသည်။ ထိုင်းနိုင်ငံ၏နိုင်ငံရေးတွင် စစ်တပ်သည်အရေးပါသောအခန်းမှပါဝင်နေသေးသည် (နောက်ဆုံးအကြိမ်အာဏာသိမ်းမှုမှာ ၂၀၀၇ခုနှစ်တွင်ဖြစ်သည်)။ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်နေသည်ဟု ဆိုနိုင်သော်လည်း ယခုတလောဖြစ်ပွားနေသည့် နိုင်ငံရေးမငြိမ်သက်မှုက ယင်းတိုင်းပြည်၏အနာဂါတ်ကိုမည်သို့ဖန်တီးမည်ဆိုသည်မှာ မရှင်းလင်းသေးပေ။ သို့သော်ထိုင်းနိုင်ငံတွေ အရပ်သားလူ့အဖွဲ့အစည်းက မူးယစ်ဆေးဝါးပေါ်လစီတွေအပေါ် သြဇာသက်ရောက်နိုင်မှု ပိုရှိနေသည်။ သို့တိုင်အောင် ၂၀၀၃ခုနှစ်၌ ထိုင်းနိုင်ငံတွင်“မူးယစ်ဆေးဝါးစစ်ဆင်ရေး” အတွင်းအရက်စက်ဆုံးအဖြစ်အပျက်ကြီးတခုဖြစ်ပွားခဲ့သည်။ နောက်ထပ်ဤကိစ္စမျိုးထပ်မဖြစ်အောင် အစွမ်းကုန်ကြိုးစားကြရမည်။

ကောင်းမွန်သည့်အုပ်ချုပ်မှုမရှိပဲ မူးယစ်ဆေးဝါးပြဿနာများအတွက် ရေရှည်တည်တံ့မည့်ဖြေရှင်းမှုကို ရရှိနိုင်မည်မဟုတ်ချေ။ ဤအထဲတွင် လူ့အခွင့်အရေးကိုလေးစားခြင်း၊ ဒီမိုကရေစီမူများကိုလိုက်နာခြင်းနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအား သူတို့၏အကျိုးစီးပွားများကို ကျိုးကြောင်းဆီလျော်စွာကိုယ်စားပြုခွင့်ပေးခြင်းတို့ ပါဝင်သည်။ ပေါ်လစီချမှတ်မှုနှင့် စီမံကိန်းရေးဆွဲရာတို့တွင် ဘိန်းစိုက်တောင်သူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်များအပါ လူ့အဖွဲ့အစည်းမှလူများ ပါဝင်ခွင့်ရရန်မှာ အောင်မြင်မှုရရန်အတွက် အခြေခံကျသောပဏာမလိုအပ်ချက်ဖြစ်သည်။

လောလောဆယ်တွင် ဤဒေသအတွင်း၌ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပြဿနာများမှာနက်ရှိုင်း၍ အလျင်အမြန်ဖြေရှင်းရန်လိုအပ်နေပေသည်။ ဤအတွက် ဒီမိုကရေစီစနစ်တည်ထောင်ပြီးသည်အထိ စောင့်မနေနိုင်ချေ။ ဤဒေသထဲတွင်ဤလုပ်ငန်းကိုလုပ်ကိုင်နေကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အများအပြားရှိ၍ သူတို့တွင်လုပ်သာကိုင်သာသောခွင်ရှိပြီး ခက်ခဲသောအနေအထားများအကြားမှပင် အလိုအပ်ဆုံးသော လူများထံသို့တိုက်ရိုက်ရောက်ရှိနိုင်နေကြသည်။ ဤအဖွဲ့အစည်းများကို အထောက်အကူတွေ ပေးကြရမည်။ ဗမာနိုင်ငံသို့လူမှုရေးအကူအညီပေးရေးကို ယင်းနိုင်ငံ၏နိုင်ငံရေးပြဿနာများနှင့်တွဲနှောင်မထားသင့်ပေ။ ထို့ပြင် ဗမာ

ပြည်မှအပစ်အခတ်ရပ်စဲထားသောအဖွဲ့များအပါအဝင် အစိုးရနှင့်ဒေသအာဏာပိုင်တို့သည် ပိုမိုတာရှည်တည်တံ့နိုင်သည့်၊ ပိုမိုလူသားဆံသည့် မူးယစ်ဆေးဝါးပေါ်လစီများကို ချမှတ်ကြရမည်။

**<u>မူးယစ်ဆေးဝါးဥပဒေပြုပြင်ရေး</u>**

ဤဒေသရှိနိုင်ငံတော်နှင့် ဒေသအုပ်ချုပ်ရေးအပိုင်းတို့သည် ကျန်မာရေးနှင့်ဖွံ့ဖြိုးရေးဖက်တို့ကချဉ်းကပ်ခြင်းထက် တရားဥပဒေအရဆောင်ရွက်ခြင်းကို ပိုအလေးထားကြသည်။ မူးယစ်ဆေးဝါးဆိုင်ရာဥပဒေမှာ အလွန်ပင်တင်းကြပ်လွန်းပြီး သာမာန်ကျူးလွန်မှုကလေးတွေအပါ ပြစ်ဒဏ်ချမှတ်မှုများမှာ မတရားပြင်းထန်လွန်းသည်။ ဤပြင်းထန်သည့်မူးယစ်ဆေးဝါးထိန်းချုပ်ရေးပေါ်လစီများ၏ ဒဏ်ကိုအဓိကခံရသူများမှာ မူးယစ်ဆေးဝါးလုပ်ငန်း၏အစွန်းနှစ်ဖက်တွင်ရှိနေသော ဘိန်းစိုက်တောင်သူများနှင့် သုံးစွဲသူများဖြစ်သည်။ ဘိန်းစိုက်တောင်သူများနှင့်သုံးစွဲသူများကို ရာဇဝတ်ဒဏ်သင့်စေသည့် လက်ရှိပေါ်လစီများမှာ အကျိုးမဲ့စေရုံမက လူ့အခွင့်အရေးကိုလည်းချိုးဖောက်သည့်အပြင် မူးယစ်ဆေးဝါးလုပ်ငန်းကြီးအတွင်း အဆင်းရဲဆုံးနှင့်အားအနည်းဆုံးကွင်းဆက်ကို ခွဲခြားဖိနှိပ်ရာလည်းကျနေပေသည်။

ဤသို့ဖြစ်ခြင်းကြောင့် 'မူးယစ်ဆေးဝါးကင်းစင်သောအာစီယံ ၂၀၁၅– အနေအထားနှင့်အကြံပြုချက်အစီရင်ခံစာ(၂၀၀၈)'တွင်"၂၀၀၉ခုနှစ်မှစ၍ နှစ်စဉ်ဖမ်းဆီးမှုစုစုပေါင်း ၁၀%တိုးရန်"ဟုထည့်သွင်းဖော်ပြထားသည်မှာ စိုးရိမ်စရာကောင်းလှသည်။ အစီရင်ခံစာထဲတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် နှိုင်းစာလျှင် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိခြင်းအတွက် ဖမ်းဆီးမှုများကို လျှော့ချရမည်ဟုဆိုထားသော်လည်း အားလုံးခြုံပြီး ၁၀%တိုးရမည်ဆိုသောရည်မှန်းချက်မှာ မှားယွင်းပေသည်။ "လူသားဆံ"စေရေးအတွက် ဤဒေသအတွင်းရှိမူးယစ်ဆေးဝါးဥပဒေများကိုပြန်လည်သုံးသပ်ရန် လိုအပ်နေပေသည်။ ဒေသဆိုင်ရာနှင့် နိုင်ငံအလိုက်ပေါ်လစီချမှတ်ရေးအစီအစဉ်များတွင် လူ့အခွင့်အရေးနှင့် သင့်တင့်သောပြစ်ဒဏ်စီရင်ရေးတို့ကို အလေးထားသင့်ပေသည်။

**<u>နိုင်ငံတကာမှပါဝင်မှု</u>**

ရွှေတြိဂံနယ်မြေအား ပြုပြင်ပြောင်းလဲနေသည့် ဤသိမ်မွေ့ခက်ခဲသောကာလအဆင့်တွင် နိုင်ငံတကာလူ့အဖွဲ့အစည်းသည် (ယခင်)ဘိန်းစိုက်ပျိုးသော လူ့အဖွဲ့အစည်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများအား စွန့်ပယ်ခြင်းမပြုအပ်ပေ။ လက်ရှိပေးနေသော လူသားချင်းစာနာသည့်အကူအညီနှင့် လုပ်ကိုင်စားသောက်အတွက်

အစားထိုးအစီအစဉ်၊ ဘေးအန္တရာယ်လျှော့နည်းအောင်လုပ်ခြင်း၊ အိပ်ချ်အိုင်ဗီရောဂါ ကာကွယ်ရေးအစီအစဉ် တို့မှာ စိတ်မကောင်းစရာကောင်းလောက်အောင်ပင် မလုံလောက်ပဲရှိသည်။ အမေရိကန်နှင့်အီးယူအပါ နိုင်ငံတကာအလှူရှင်များက ဤမှာဖက်တွင်သူတို့၏ပါဝင်ပတ်သက်မှုကို တိုးမြှင့်သင့်သည်။

တရုတ်အာဏာပိုင်များအနေဖြင့် အိမ်နီးနားချင်းများအား ဘိန်းစိုက်ပျိုးမှုရပ်ဆိုင်းရန် ဖိအားပေးခဲ့ခြင်းနှင့် နှိုင်းစာလျှင် ဘိန်းစိုက်နေသည့်ဒေသနှင့် ဘိန်းစိုက်ခဲ့သောဒေသတို့ရှိလူထုများအား ပေးနေသောအကူအညီပေးပုံမှာ မလုံလောက်ရုံမကနည်းလမ်းလည်းမှန်ကန်မှုမရှိပေ။ ယခင်ကဘိန်းစိုက်သူများအတွက်ဟုရည်ရွယ်ကာ နိုင်ငံတော်အစိုးရက ငွေချေးပေးပြီး တရုတ်ရင်းနှီးမြှုပ်နှံသူများကလုပ်ကိုင်နေသော အကြီးစားစီးပွားဖြစ် စိုက်ခင်းကြီးများမှာ သဘာဝပတ်ဝန်းကျင်အတွက် စိတ်ပူစရာဖြစ်နေသည်။ အဓိကအလေးထားစိုက်သည်မှာ ရေရှည်ရင်းနှီးမြှုပ်နှံရသော ရော်ဘာပင်များဖြစ်သည်။ အနာဂတ်ရော်ဘာဈေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိပါ့မလားဆိုသည့် ပြဿနာများကြောင့် မှီခိုသူဖြစ်မည့်၊ ဒဏ်ခံရမည့် တောင်သူများအတွက် ပူပန်စရာဖြစ်နေသည်။ တရုတ်ပြည်အနေဖြင့် ဗမာပြည်နှင့်လာအိုတို့တွင် ဘိန်းစိုက်ပျိုးမှုလျှော့ဆင်းစေရန် တကယ်တမ်းဆန္ဒရှိသည်ဆိုလျှင် ပိုပြီးတာရှည်တည်တံ့၍ လူ့အဖွဲ့အစည်းကိုအခြေခံသော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသင့်ပေသည်။ သူတို့အနေဖြင့် ဤဒေသနှင့်အခြားကမ္ဘာ့အရပ်ရပ်တွင် ပြုလုပ်ခဲ့သောအစားထိုးစီမံကိန်းများကို နိဂုံးချုပ်၊ သင်ခန်းစာ ယူသင့်လှပေသည်။